# Information Sheet



VOLUME XI, ISSUE 6 6 December 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးအား ဗုဒ္ဓဘာသာ သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ တင်ပြလျှောက်ထား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာရေးပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဟောင်း) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးခင်ညွန့်၊ စည်သူဘိုကလေးတင့်အောင်တို့အား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာအခြေအနေများအား မေးမြန်းအားပေးစကားပြောကြား | ၇ |
| ၄ | မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းဖွင့်ပွဲ အခမ်းအနားကျင်းပ | ၉ |
| ၅ | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ချက်များအား ကွင်းဆင်းကြည့်ရှု | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် အငြှမအကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနားကျင်းပ | ၁၂ |
| ၇ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန်ရထားများတိုးချဲ့ပြေးဆွဲပေးလျက်ရှိ | ၁၃ |
| ၈ | မြို့နယ်အချို့၌ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းတို့အား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အကြောင်းမဲ့မီးရှို့ဖျက်ဆီး | ၁၄ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက် | ၁၅ |
| ၁၀ | ကြည့်မြင်တိုင်မြို့နယ်အတွင်း လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ ၃ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ | ၁၆ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ် ၁ စီးအား အကြမ်းဖက်သူ အမျိုးသား ၄ ဦးက သေနတ်ဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီး | ၁၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ် ၁ စီးအား မီးရှို့ဖျက်ဆီးမှုနှင့်ပတ်သက်၍ OMNI FOCUS ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက် | ၁၈ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သြဝါဒါစရိယ၊ အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးအား ဗုဒ္ဓဘာသာ သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ တင်ပြလျှောက်ထား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ စာသင်တိုက်ကြီးတွင် သီတင်းသုံးတော်မူလျက်ရှိသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် စာသင်သားသံဃာတော်များအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများလှူဒါန်းသည့် ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးထံ ဗုဒ္ဓဘာသာ သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ တင်ပြလျှောက်ထားရာတွင်–

- နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် "မာရဝိဇယ" ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းအခြေအနေများ။
- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘုရားဖူးလာ မိဘပြည်သူများ ဖူးမြော်ရာ၌ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာမြတ်ကိုပါ တစ်ပါတည်း ဖူးမြော်ကြည်ညိုပူဇော်နိုင်ရေး၊ စကျင်ကျောက်တော်များ၌ ထွင်းထုပူဇော်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စိုက်ထူနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။
- အဆိုပါပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်ကာ ပါဠိဘာသာနှင့် Romanize Language ယှဉ်တွဲ၍ စာအုပ်ရိုက်နှိပ်ထုတ်ဝေပြီး နိုင်ငံတကာရှိ ဗုဒ္ဓတက္ကသိုလ်များ၊



စာသင်တိုက်များ၊ ကျောင်းတော်ကြီးများသို့ အခမဲ့ဖြန့်ချိ ပေးသွားမည့်အခြေအနေများ။

- ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင်လည်း ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို ဆောင်ရွက် လျက်ရှိသည့် အခြေအနေများ။
- ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး ဆေးစစ်မှုများနှင့် ကြို တင်ကာကွယ်စစ်ဆေးခြင်းများကို ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ တင်ပြလျှောက်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးထံသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ပရိက္ခရာ(၈)ပါးစုံ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆွမ်းဆန်တော် ၁၀၀ အိတ်၊ ဆီ ၁၀၀ ပိဿာ၊ ဆား ၁ အိတ်၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- **နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးအား "မာရဝိဇယ"ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အခြေအနေများနှင့် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင်လည်း ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြလျှောက်ထား၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများလှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာရေးပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၅ ရက်တွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် အလုပ်အမှုဆောင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပြောကြားရာတွင်-

- နိုင်ငံတော်အနေဖြင့် စစ်မှန်သည့်ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေခြင်းဖြစ်ပြီး ပြည်သူများရွေးချယ်ထားသည့် လမ်းကြောင်းဖြစ်သဖြင့် လုံးဝသွေဖည်သွားမည်မဟုတ်ကြောင်း။
- နိုင်ငံရေးတာဝန်အား ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရခြင်းသည် မိမိတို့က ဖန်တီးဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ယခုတက်ရောက်လာကြသည့် ဘာသာပေါင်းစုံအဖွဲ့၏ ကူညီဆောင်ရွက်မှုများလည်း လိုအပ်ကြောင်း။
- ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အချင်းချင်းသဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း အများစု၏ ဆန္ဒသဘောထားကို လက်ခံဆောင်ရွက်ရန်လိုသကဲ့သို့ အနည်းစု၏ဆန္ဒသဘောထားကိုလည်း ထည့်သွင်းစဉ်းစား၍ ဆင်ခြင်ဆောင်ရွက်ရန်လိုကြောင်းနှင့် နိုင်ငံတော်၏ နိုင်ငံရေးလျှောက်လှမ်းမှုတွင် အဆင်ပြေချောမွေ့စေရန်အတွက် မိမိတို့က ဝိုင်းဝန်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်ကြသော်လည်း ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် အခြားဘာသာဝင်များဖြင့်လည်း အတူတကွစုစည်းနေထိုင်ခဲ့ကြရာ မိမိအနေဖြင့် ဘာသာရေးနှင့်ပတ်သက်၍ အစွန်းရောက်မှုများမရှိအောင် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း။
- မိမိတို့အားလုံးသည် နိုင်ငံအတွင်း ကာလရှည်ကြာစွာ အတူတကွနေထိုင်လျက်ရှိသူများဖြစ်သဖြင့် အားလုံးက နိုင်ငံတော်အတွက် တူညီသည့်စိတ်ဖြင့် အတူတကွဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ၊ ဟိန္ဒူဘာသာအသင်း၊ အစ္စလာမ်ဘာသာအသင်း၊ ခရစ်ယာန်ဘာသာအသင်းနှင့် တရုတ်ဘုံကျောင်းတို့မှ ကိုယ်စားလှယ်များက ဘာသာအလိုက်ပြုလုပ်သည့် ဘာသာရေးပွဲတော်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့မှုများ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှုများစသည့်ကဏ္ဍများတွင် ဘာသာပေါင်းစုံ စုပေါင်း၍ နိုင်ငံသားကောင်းပီသစွာဖြင့် တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။




**နိုင်ငံတော်ဝန်ကြီးချုပ်အား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဒုတိယဥက္ကဋ္ဌ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်က ဟိန္ဒူရိုးရာ ဂုဏ်ပြုမင်္ဂလာပဝါနှင့် မင်္ဂလာပန်းကုံးတို့ကို ဂုဏ်ပြုဝတ်ဆင်ပေးနေမှု**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်တွင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားနတ်ကိုးကွယ်မှုများကိုလည်း ကိုးကွယ်ရာဘာသာဟူ၍ အသိအမှတ်ပြုသည်ဟု ပါရှိသဖြင့် ဘာသာပေါင်းစုံတို့၏ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားမှုများနှင့် ပတ်သက်၍-

- တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်တွင်း၏ စည်းလုံးညီညွတ်မှုအားသည် အခိုင်အမာဆုံးဖြစ်သဖြင့် မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးပြီး ပြည်သူများ၏ လူမှုဘဝတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း။
- ဘာသာအားလုံး၏ ရည်ရွယ်ချက်သည် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ပင်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း။
- ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပေါ်ခဲ့ချိန်တွင် ရောဂါကူးစက်မှုနှုန်းမြန်ဆန်၍ ထိခိုက်ဆုံးရှုံးခဲ့မှုများ ဖြစ်ပေါ်ခဲ့သော်လည်း ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများက ၎င်းတို့ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများမှ ရရာနည်းလမ်းများဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့မှုများကြောင့် ရောဂါကူးစက်မှုသည် ယခုအချိန်တွင် များစွာလျော့နည်းလာခဲ့ပြီဖြစ်ကြောင်း။
- ယခုဘာသာပေါင်းစုံအဖွဲ့ကြီးအနေဖြင့် အရေးပါသည့်ကဏ္ဍတွင်ပါဝင်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားတစ်ခုအဖြစ် အားလုံးညီညီညွတ်ညွတ်ဆောင်ရွက်သွားရန်လိုကြောင်း။
- ဘာသာပေါင်းစုံအဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်ရှိ အင်အားစုများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး၊ အသိပညာအတတ်ပညာများကို ရှာဖွေဆောင်ရွက်နိုင်ရေး လှုံ့ဆော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့။

အခမ်းအနားတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား ဟိန္ဒူရိုးရာဂုဏ်ပြုမင်္ဂလာပဝါနှင့် မင်္ဂလာပန်းကုံးတို့ကို ဂုဏ်ပြုဝတ်ဆင်ပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**




**နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်အား စားသောက်ဖွယ်ရာများ ပေးအပ်နေမှု**




**နိုင်ငံတော်ဝန်ကြီးချုပ်က အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်းအား စားသောက်ဖွယ်ရာများ ပေးအပ်နေမှု**




နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းအား စားသောက်ဖွယ်ရာများ ပေးအပ်နေမှု




နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှု

- နိုင်ငံတော်အနေဖြင့် စစ်မှန်သည့်ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေခြင်း ဖြစ်ပြီး ပြည်သူများရွေးချယ်ထားသည့် လမ်းကြောင်းဖြစ်သဖြင့် လုံးဝသွေဖည်သွားမည်မဟုတ်။
- ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အချင်းချင်းသဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း အများစု၏ ဆန္ဒသဘောထားကို လက်ခံဆောင်ရွက်ရန်လိုသကဲ့သို့ အနည်းစု၏ဆန္ဒသဘောထားကိုလည်း ထည့်သွင်းစဉ်းစား၍ ဆင်ခြင်ဆောင်ရွက်ရန် လိုအပ်။

- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်တွင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားနတ်ကိုးကွယ်မှုများကိုလည်း ကိုးကွယ်ရာဘာသာဟူ၍ အသိအမှတ်ပြုသည်ဟု ပါရှိသဖြင့် ဘာသာပေါင်းစုံတို့၏ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနၵ္ တာဝန်ရှိ။

- ဘာသာအားလုံး၏ ရည်ရွယ်ချက်သည် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ပင် ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်။

- ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများက ၎င်းတို့ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများမှ ရရာနည်းလမ်းများဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့မှုများကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ယခုအချိန်တွင် များစွာလျော့နည်းလာခဲ့ပြီဖြစ်။

- ဘာသာပေါင်းစုံအဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်ရှိ အင်အားစုများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး၊ အသိပညာအတတ်ပညာများကို ရှာဖွေဆောင်ရွက်နိုင်ရေး လှုံ့ဆော်ဆောင်ရွက်ပေးရမည်ဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဟောင်း) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးခင်ညွန့်၊ စည်သူဘိုကလေးတင့်အောင်တို့အား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာအခြေအနေများအား မေးမြန်းအားပေးစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ဒီဇင်ဘာလ ၅ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဟောင်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်၊ စည်သူဘိုကလေးတင့်အောင်တို့အား သွားရောက်တွေ့





ဆုံ၍ ကျန်းမာရေးဆိုင်ရာအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ်၊ သံလွင်လမ်းရှိ ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးတင်ဦး၏ နေအိမ်နှင့်မရမ်းကုန်းမြို့နယ်ရှိ ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးခင်ညွန့်၏ နေအိမ်တို့သို့ သွားရောက်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက အချိန်တိုအတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် တပ်မတော်ဆေးရုံများတွင် လိုအပ်သည့်ဆေးကုသမှုများခံယူနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ပြီး အားဖြည့်ငှက်သိုက်များနှင့် တပ်မတော်စက်ရုံထုတ်စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရှိ SSC အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် စည်သူဘိုကလေးတင့်အောင်အား သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်၍ မိသားစုများကို မေးမြန်းကာ ကျန်းမာရေးကုသမှုအတွက် ထောက်ပံ့ငွေများ၊ အားဖြည့်ငှက်သိုက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးခင်ညွန့်နှင့် စည်သူဘိုကလေးတင့်အောင်တို့ထံသို့ သွားရောက်၍ ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အားဖြည့်ငှက်သိုက်များနှင့် တပ်မတော်စက်ရုံထုတ်စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့။**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းဖွင့်ပွဲ အခမ်းအနားကျင်းပ




လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ သပြေဝကျေးရွာအနီးရှိ အဆိုပါဓာတ်အားပေးစက်ရုံစီမံကိန်း၌ ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Clean Power Energy (CPE) Co.,Ltd မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမှာစကားပြောကြားရာတွင်-

- မြန်မာနိုင်ငံသည် ရေအား၊ နေအား၊ လေအားအစရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သဖြင့် သဘာဝကပေးထားသည့် အားသာချက်ကို ကောင်းစွာအသုံးချပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း။
- ထိုသို့တည်ဆောက်ရာတွင် မြေကေများစွာ လိုအပ်သည့်အတွက် နိုင်ငံအတွင်းရှိ စိုက်ပျိုးရေးဆောင်ရွက်ရန် ခက်ခဲသည့်မြေများနှင့် အပူပိုင်းဒေသ လွင်တီးခေါင်ပြင်မြေများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။
- ထပ်မံ၍ မြေပေါ်အခြားမြေပြင်၌ တည်ဆောက်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်စီမံကိန်းများနှင့် ရေပေါ်နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ (Floating Solar Plants)ကိုလည်း အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။
- သပြေဝနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၏စက်တပ်ဆင်အားမှာ မဂ္ဂါဝပ် ၃၀ ဖြစ်ကာ မြန်မာနိုင်ငံတွင် ဒုတိယမြောက်အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း။
- အဆိုပါစီမံကိန်းမှ တစ်ရက်လျှင် လျှပ်စစ်ယူနစ်ကီလိုဝပ်နာရီ(၂)သိန်းကျော်ခန့် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၇၀ ဒသမ ၅၉၉ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို သပြေဝပင်မဓာတ်အားခွဲရုံမှတဆင့် နိုင်ငံ



**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းကို တွေ့ရစဉ်**

တော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးသွားမည် ဖြစ်ကြောင်း။

- လက်ရှိအချိန်တွင် နိုင်ငံအတွင်း အိမ်ထောင်စုပေါင်း (၁၀ ဒသမ ၉)သန်းကျော်ရှိသည့်အနက် အိမ်ထောင်စု (၆ ဒသမ ၆)သန်းခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ မီးပေးနိုင်ပြီး ဖြစ်၍ အိမ်ထောင်စု စုစုပေါင်း၏ ၆၁ ရာခိုင်နှုန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်မီးရရှိသုံးစွဲပြီးသူများအား တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနေသကဲ့သို့ လျှပ်စစ်မီးသုံးစွဲခွင့်မရသေးသူများအတွက်လည်း သုံးစွဲခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရာခိုင်နှုန်းပြည့် လျှပ်စစ်မီးသုံးစွဲနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။
- လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးနှင့် လက်ရှိဓာတ်အားသုံးစွဲနေသော စက်ရုံ၊ အလုပ်ရုံများအပြင် ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၏ ဓာတ်အားလိုအပ်ချက်ကို စဉ်ဆက်မပြတ်တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများကို နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ် ပြည်သူများမှလည်း ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းတည်ဆောက်ရခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ (CPE) Co.,Ltd မှ တာဝန်ရှိသူက ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်ခဲ့မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားပေးစက်ရုံတည်ဆောက်ခဲ့မှု မှတ်တမ်းဗွီဒီယိုနှင့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုခဲ့ပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၂)**

- **သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၏ စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၃၀ ဖြစ်ကာ မြန်မာနိုင်ငံတွင် ဒုတိယမြောက် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့်စီမံကိန်းတစ်ခုဖြစ်။**
- **လက်ရှိအချိန်တွင် နိုင်ငံအတွင်း အိမ်ထောင်စုပေါင်း (၁၀ ဒသမ ၉) သန်းကျော်ရှိသည့်အနက် အိမ်ထောင်စု (၆ ဒသမ ၆) သန်းခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ မီးပေးနိုင်ပြီးဖြစ်၍ အိမ်ထောင်စု စုစုပေါင်း၏ ၆၁ ရာခိုင်နှုန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့။**
- **၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရာခိုင်နှုန်းပြည့် လျှပ်စစ်မီးသုံးစွဲနိုင်အောင် စီမံဆောင်ရွက်လျက်ရှိ။**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ချက်များအား ကွင်းဆင်းကြည့်ရှု



ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ်၊ ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာလ ၄ ရက်တွင် အထူးကုဆေးရုံကြီး ခုတင်-၅၀၀နှင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ရာ-

- ယခုနှစ်တွင် ဘွဲ့လွန်ကျောင်းသား ၃၀၀ ကျော်ရှိပြီး လာမည့်နှစ်တွင် တက်ရောက်သူဦးရေတိုးတက်အောင် စည်းရုံးရန်လိုအပ်ကြောင်း။
- ဝန်ထမ်းအနေဖြင့် မိမိတို့သုံးစွဲရသည့် ကျန်းမာရေးကုန်ကျစရိတ်နည်းအောင် ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်လျက်ရှိကြောင်း။
- ကိုဗစ်-၁၉ Treatment Centre၊ Quarantine Centre များကိုလည်း အဆင်သင့်ဖြစ်အောင် ပြန်လည်ပြင်ဆင်ထားရန် လိုအပ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် လိုအပ်သည့်ဆေးဝါးများကို လုံလောက်မှုရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ယခုတွေ့ရှိချက်များအရ Omicron Variant သည် ပြန့်ပွားမှုမြန်သော်လည်း ရောဂါလက္ခဏာအလွန်ပြင်းထန်မှုမရှိကြောင်းနှင့် မိမိတို့နိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအသင့်အတင့်မြင့်သည့်အတွက် ပေါ့ဆ၍မရသလို အလွန်အမင်းစိုးရိမ်ရန် မလိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ ဘဝတက်လမ်းတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအတွက် အကောင်းဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- **ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် လိုအပ်သည့်ဆေးဝါးများကို လုံလောက်မှုရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။**
- **ယခုတွေ့ရှိချက်များအရ Omicron Variant သည် ပြန့်ပွားမှုမြန်သော်လည်း ရောဂါလက္ခဏာ အလွန်ပြင်းထန်မှုမရှိကြောင်းနှင့် မိမိတို့နိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု အသင့်အတင့်မြင့်သည့်အတွက် ပေါ့ဆ၍မရသလို အလွန်အမင်းစိုးရိမ်ရန်မလိုအပ်ကြောင်း။။**
- **ယခုနှစ်တွင် ဘွဲ့လွန်ကျောင်းသား ၃၀၀ ကျော်ရှိပြီး လာမည့်နှစ်တွင် တက်ရောက်သူဦးရေတိုးတက်အောင် စည်းရုံးရန်လိုအပ်ကြောင်း။**

# ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် အဋ္ဌမအကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနားကျင်းပ



နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို အဋ္ဌမအကြိမ်မြောက်အဖြစ် ဒီဇင်ဘာလ ၅ ရက်တွင် ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပခဲ့ပါသည်။

ဂါရဝပြုဆုတောင်းပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ပရဟိတအဖွဲ့များ၊ တပ်မတော်ချစ်မြတ်နိုးသူများနှင့် ကျဆုံးခဲ့သည့် အရာရှိစစ်သည်များ၏ မိသားစုဝင်များက တက်ရောက်ကြရာ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား ကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများလွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များလွှတ်ခြင်း၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားကို ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအဖွဲ့များက ဦးဆောင်၍ ၂၀၁၄ ခုနှစ်မှစတင်ကာ ဒီဇင်ဘာလ၏ ပထမပတ်တနင်္ဂနွေနေ့တိုင်းတွင် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပါသည်။ ယခင်နှစ်များက ရန်ကုန်မြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်၌ ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် သူရဲကောင်းဗိမာန်(နေပြည်တော်)တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- **တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို အဋ္ဌမအကြိမ်မြောက်အဖြစ် ဒီဇင်ဘာလ ၅ ရက်တွင် ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပခဲ့။**
- **အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား ကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများလွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များလွှတ်ခြင်း၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့။**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန်ရထားများတိုးချဲ့ပြေးဆွဲပေးလျက်ရှိ




မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများပြေးဆွဲပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ခရီးသွားလာမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ Standard Operation Procedure -SOP လမ်းညွှန်ချက်နှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

ကိုဗစ်-၁၉ တတိယလှိုင်းအပြီးတွင် ရုံးဌာနများ၊ စက်ရုံ/ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ချိန်မှစ၍ ခရီးသွားလာကြမည့် ပြည်သူများနှင့် ကုန်စည်များအဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မြန်မာ့မီးရထားက ခရီးစဉ်များတိုးချဲ့ပြေးဆွဲခဲ့ရာ ဒီဇင်ဘာလ ၄ ရက်အထိ-

- ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမြန်ရထား(၂)စင်း၊ စာပို့ရထား(၂)စင်း။
- နေပြည်တော်-ရန်ကုန်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် အမြန်ရထား(၂)စင်းစီ။
- ရန်ကုန်-ပြည်လမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းတို့တွင် စာပို့ရထား (၂)စင်းစီ။
- ရန်ကုန်-ပဲခူးလမ်းပိုင်း၊ သာစည်-မြင်းခြံလမ်းပိုင်း၊ ပုဂံ-မန္တလေးလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ မော်လမြိုင်-ရေးလမ်းပိုင်းနှင့် ပုသိမ်-ကြံခင်းလမ်းပိုင်းတို့တွင် လူစီးကုန်တင်ရထား(၂)စင်းစီ။
- အင်းစိန်-ဥက္ကံလမ်းပိုင်းနှင့် ပခုက္ကူ-ကျွန်းချောင်းလမ်းပိုင်းတို့တွင် RBE ရထား(၂)စင်းစီ။
- စုစုပေါင်း(၂၈) စင်း၊ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင် RBE ရထား(၂၂)စင်း၊ စုစုပေါင်း အစင်း(၅၀) ပြေးဆွဲပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် မန္တလေး-လားရှိုးလမ်းပိုင်းအတွင်းရှိ ဂုတ်ထိပ်တံတားကြီးအား လေ့လာကြည့်ရှုနိုင်စေရန် ရည်ရွယ်ပြီး-

- မန္တလေး-ပြင်ဦးလွင်-ဂုတ်ထိပ် အသွား/ အပြန် စာပို့ရထားခရီးစဉ်အဖြစ် အပတ်စဉ်တနင်္လာနေ့တွင် မန္တလေးမှ ပြင်ဦးလွင်သို့လည်းကောင်း။
- အင်္ဂါနေ့တွင် ပြင်ဦးလွင်မှ ဂုတ်ထိပ်၊ ဂုတ်ထိပ်မှ ပြင်ဦးလွင်သို့လည်းကောင်း။
- ဗုဒ္ဓဟူးနေ့တွင် ပြင်ဦးလွင်မှ မန္တလေးသို့လည်းကောင်း ပြေးဆွဲပေးလျက်ရှိပါသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများအဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များကို လိုရာခရီးသို့ တင်ပို့နိုင်ရေးအတွက် လူစီးရထားများ၊ ကုန်ရထားများပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များစီးနင်းမှုနှင့် ကုန်စည်တင်ပို့မှုများ များပြားလာသည့် အခြေအနေများအပေါ် မူတည်၍ ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- လူစီးရထားများပြေးဆွဲပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ခရီးသွားလာမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ Standard Operation Procedure-SOP လမ်းညွှန်ချက်နှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိ။
- ခရီးသွားလာကြမည့်ပြည်သူများနှင့် ကုန်စည်များအဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မြန်မာ့မီးရထားက စုစုပေါင်းအစင်း(၅၀)ဖြင့် တိုးချဲ့ပြေးဆွဲပေးလျက်ရှိ။

---

## မြို့နယ်အချို့၌ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းတို့အား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

မြို့နယ်အချို့၌ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းတို့အား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အကြောင်းမဲ့မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ပါသည်။ ထိုသို့ အကြမ်းဖက်မီးရှို့ဖျက်ဆီးမှုများပြုလုပ်လျက်ရှိရာ ဒီဇင်ဘာလ ၄ ရက်တွင်-

- ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ မြို့မ(၁)ရပ်ကွက်ရှိ မြို့နယ်တရားရုံးအား CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အင်အား(စိစစ်ဆဲ)က မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် ၇၀ × ၃၀ × ၁၅ ပေ သွပ်မိုး/ အုတ်ကာ ၁ ထပ် အဆောက်အဦ ၁ လုံး မီးလောင်ပျက်စီးခဲ့။
- မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ထန်းတောဦးကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ သွပ်မိုး/ ထရံကာ/ ဝါးကြမ်းခင်း စာသင်ဆောင်အား PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် အဆိုပါကျောင်းဆောင်နှင့် ကျောင်းဆောင်အတွင်းရှိ ပရိဘောဂများ၊ စာရွက်စာတမ်းများ မီးလောင်ပျက်စီးခဲ့။

ကန်ပက်လက်မြို့နယ် မြို့နယ်တရားရုံးအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်ကို သွားရောက်စစ်ဆေးခဲ့သော လုံခြုံရေးတပ်ဖွဲ့များအား CDF အကြမ်းဖက်လက်နက်ကိုင် ၂၀ ဦးခန့်က လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့ပါသည်။

NUG/ PDF အကြမ်းဖက်အဖွဲ့များသည် ကျောင်းသားလူငယ်များ ပညာသင်ကြားရေးကို အနှောက်အယှက်ဖြစ်စေရန် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများနှင့် ခြိမ်းခြောက်ခြင်းများပြုလုပ်ပြီး ကျောင်းသားလူငယ်များ၏အနာဂတ်ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် တရားရုံးကို အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခြင်းသည် နိုင်ငံအတွက်အရေးပါသော တရားစီရင်ရေးကဏ္ဍကို အနှောက်အယှက်ဖြစ်စေရန်နှင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားကို ရပ်တန့်စေလိုသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို လိုလားလျက်ရှိသည့်ပြည်သူများက NUG/ PDF အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လက်အောက်ခံ အကြမ်းဖက်အဖွဲ့များ၏လုပ်ရပ်များကို ပြစ်တင်ရှုတ်ချလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်များမှ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းတို့အား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- **ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ မြို့နယ်တရားရုံးအား CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် အဆောက်အဦ ၁ လုံး မီးလောင်ပျက်စီးခဲ့။**
- **မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ထန်းတောဦးကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်အား PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် အဆိုပါ ကျောင်းဆောင်နှင့် ကျောင်းဆောင်အတွင်းရှိ ပရိဘောဂများ၊ စာရွက်စာတမ်းများ မီးလောင်ပျက်စီးခဲ့။**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း(တောင်/ အနောက်)ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၌ ဒီဇင်ဘာလ ၅ ရက်တွင် တရားမဝင်ခွင့်ပြုချက်မဲ့ လူတစ်စုမှ ဆူပူအော်ဟစ်မှုများပြုလုပ်နေကြောင်း ဆူပူမှုကိုမလိုလားသော ပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်၍ လူစုခွဲခြင်းဆောင်ရွက်ခဲ့ရသည်။

ယခုအခါတွင် ဆန္ဒပြမှုလုပ်ဆောင်နေသူများသည် အများသူငါ သွားလာနေသော လမ်းမကြီးများအား ပိတ်ဆို့ခြင်း၊ လမ်းများတွင် မီးရှို့ဆန္ဒပြခြင်း၊ ပြည်သူလူထု စီးပွားရေးလုပ်ဆောင်နေသော ကုန်တိုက်များ၊ ဈေးများအတွင်း ဝင်ရောက်၍ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေသူများအား နှောင့်ယှက်မှုဖြစ်စေခြင်းများ လုပ်ဆောင်ခြင်းတို့အား ပြုလုပ်နေသဖြင့် ပြည်သူလူထု၏ လူမှုစီးပွားတည်ငြိမ်မှုကို ထိခိုက်ပျက်စီးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါခွင့်ပြုချက်မဲ့ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခဲ့ရာ ကျား ၈ ဦး၊ မ ၃ ဦး၊ စုစုပေါင်း ၁၁ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ကျား ၂ ဦးတွင် မစိုးရိမ်ရဒဏ်ရာများနှင့် မ ၁ ဦးတွင် စိုးရိမ်ရဒဏ်ရာများရရှိခဲ့သည်။ ဖမ်းဆီးရရှိသူများအား တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အခြားသော ကမ္ဘာ့နိုင်ငံများ၌လည်း ဆူပူဆန္ဒပြမှုများသည် အကြမ်းဖက်လုပ်ရပ်များနှင့်အတူ ယှဉ်တွဲလာပါက လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သလို အင်အားသုံး၍ ထိန်းသိမ်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပစ်ခတ်နှိမ်နင်းမှုမျိုး ဆောင်ရွက်နေသည်ကို မတွေ့ရဘဲ၊ အကြမ်းဖက်ဆန္ဒပြမှုများအဖြစ် ပြောင်းလဲလာချိန်မှသာ ဥပဒေနှင့်အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- **ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများဆောင်ရွက်ခဲ့ရာ ကျား ၈ ဦး၊ မ ၃ ဦး၊ စုစုပေါင်း ၁၁ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ကျား ၂ ဦးတွင် မစိုးရိမ်ရဒဏ်ရာများနှင့် မ ၁ ဦးတွင် စိုးရိမ်ရဒဏ်ရာများရရှိခဲ့။**
- **မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပစ်ခတ်နှိမ်နင်းမှုမျိုး ဆောင်ရွက်နေသည်ကို မတွေ့ရဘဲ၊ အကြမ်းဖက်ဆန္ဒပြမှုများအဖြစ် ပြောင်းလဲလာချိန်မှသာ ဥပဒေနှင့်အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့။**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ ၃ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ




ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျီးတန်းတောင်အရှေ့ရပ်ကွက်၊ ပန်းပင်ကြီးလမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းထောင့်တွင် ဒီဇင်ဘာလ ၅ ရက်က လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပါသည်။ အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အပြစ်မဲ့ပြည်သူ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦး မိုင်းစထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အနီးရှိ YBS-89 ယာဉ်လိုင်းမှ မော်တော်ယာဉ် ၄ စီး မိုင်းစထိမှန်၍ ဘေးပြတင်းမှန်အချို့ ပျက်စီးခဲ့ပါသည်။

NUG/ CRPH အကြမ်းဖက်အဖွဲ့၏ညွှန်ကြားချက်ဖြင့် PDF အကြမ်းဖက်သမားများက အများပြည်သူအသုံးပြုလျက်ရှိသော ခရီးသည်တင်ယာဉ်များအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်လျက်ရှိပါသည်။ အဆိုပါလုပ်ရပ်များကြောင့် ပြည်သူလူထုနေ့စဉ်လုပ်ဆောင်လျက်ရှိသော စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ထိခိုက်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရပျက်စီးဆုံးရှုံးမှုများဖြင့် ကြုံတွေ့ခဲ့ရသော ပြည်သူလူထုက အကြမ်းဖက်သမားများ အမြန်ဆုံးဖမ်းဆီးရမိနိုင်ရန် လိုလားလျက်ရှိနေပါသည်။

မိုင်းစထိမှန်ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခဲ့သူများဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**



**ကြည့်မြင်တိုင်မြို့နယ်အတွင်း လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူ ၃ ဦး**

- ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တွင် ဒီဇင်ဘာလ ၅ ရက်က လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ ၃ ဦး မိုင်းစထိခိုက် ဒဏ်ရာရရှိခဲ့ပြီး အနီးရှိ YBS-89 ယာဉ်လိုင်းမှ မော်တော်ယာဉ် ၄ စီး မိုင်းစထိမှန်၍ ဘေးပြတင်းမှန်အချို့ပျက်စီးခဲ့။
- မိုင်းစထိမှန်ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခဲ့သူများ ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ် ၁ စီးအား အကြမ်းဖက်သူ အမျိုးသား ၄ ဦးက သေနတ်ဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီး





၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ် ၁ စီးအား အကြမ်းဖက်သူ အမျိုးသား ၄ ဦးက သေနတ်ဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ပါသည်။

ဖြစ်စဉ်မှာ လှိုင်သာယာ-ဒဂုံတောင်ပြေးဆွဲသည့် YBS -99 ယာဉ်လိုင်းမှ ဦးမောင်မောင်(၄၈)နှစ် မောင်းနှင်သောယာဉ်အမှတ် 9P-1143 ယာဉ်နှင့် အခြား YBS ခရီးသည်တင်ယာဉ်များသည် ဂိတ်စ်ဖြည့်ရန် ရောဝဏ်လမ်းပေါ် တန်းစီစောင့်ဆိုင်းနေစဉ် အကြမ်းဖက်သူ အမျိုးသား ၄ ဦး(စိစစ်ဆဲ)က ကားအနီးသို့ ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ယာဉ်မောင်း ဦးမောင်မောင်အား သေနတ်ပြခြိမ်းခြောက်ကာ ယာဉ်တံခါးအားဖွင့်ခိုင်း၍ ယာဉ်ပေါ်သို့ တက်ရောက်လာပြီး အဆိုပါအမျိုးသား ၄ ဦးအနက် ၁ ဦးမှ ကားရှေ့ ခရီးသည်အတက်ခြေနင်းခုံအား သေနတ်ဖြင့် ၁ ချက်ပစ်ခတ်၍ ၁ ဦးမှာ ဓါတ်ဆီပါသည့် ရေသန့်ဗူးအား ယာဉ်ပေါ်လိုက်လံဖြန်း၍ မီးရှို့ဖျက်ဆီးခဲ့ပါသည်။

ထိုသို့ အကြမ်းဖက်မီးရှို့ဖျက်ဆီးမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိပဲ မော်တော်ယာဉ်အတွင်းပိုင်း အနည်းငယ်မီးလောင်ပျက်စီးခဲ့ပြီး အခင်းဖြစ်နေရာအနီးမှ THAI ARMS 380 ကျည်ခွံ ၁ ခုနှင့် ရေသန့်ဗူးခွံ ၁ ခု တွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။

NUG/ PDF အကြမ်းဖက်အဖွဲ့များသည် အပြစ်မဲ့အရပ်သားပြည်သူများအား သတ်ဖြတ်ခြင်းနှင့် ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို အကြောင်းမဲ့ဖျက်ဆီးခြင်းများပြုလုပ်လျက်ရှိရာ ယခုဖြစ်စဉ်တွင် စစ်ဘက်ပစ်မှတ်မဟုတ်သည့် သာမန်အရပ်သားပြည်သူများ နေ့စဉ်အသုံးပြုနေရသည့် မော်တော်ယာဉ်လိုင်းများအား အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် NUG အဖွဲ့မှ ၎င်းတို့အားမထောက်ခံသည့် ပြည်သူများအား အကြောက်တရားဖြင့် ထိန်း

ချုပ်လွှမ်းမိုးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည့်အတွက် ပြည်သူလူထုက NUG/PDF အကြမ်းဖက်သမားများအား ရွံရှာမုန်းတီးလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်မှ ခရီးသည်တင်ယာဉ်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်ကာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့် အညီအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ် ၁ စီးအား အကြမ်းဖက်သူ အမျိုးသား ၄ ဦးက သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့။**
- **NUG/ PDF အကြမ်းဖက်အဖွဲ့များသည် အပြစ်မဲ့အရပ်သားပြည်သူများအား သတ်ဖြတ်ခြင်းနှင့် ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို အကြောင်းမဲ့ဖျက်ဆီးခြင်းများပြုလုပ်လျက်ရှိရာ ယခုဖြစ်စဉ်တွင် စစ်ဘက်ပစ်မှတ်မဟုတ်သည့် သာမန်အရပ်သားပြည်သူများ နေ့စဉ်အသုံးပြုနေရသည့် မော်တော်ယာဉ်လိုင်းများအား အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းဖြစ်။**
- **အထက်ပါဖြစ်စဉ်မှ ခရီးသည်တင်ယာဉ်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်ကာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိ။**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ် ၁ စီးအား မီးရှို့ဖျက်ဆီးမှုနှင့်ပတ်သက်၍ OMNI FOCUS ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်

အများပြည်သူကို ပစ်မှတ်ထားကာ YBS ခရီးသည်တင်ယာဉ်များအား တိုက်ခိုက်သော ပက်စက်ယုတ်မာအောက်တန်းကျသည့် NUG အကြမ်းဖက်အဖွဲ့၏လုပ်ရပ်ကို ကုမ္ပဏီဝန်ထမ်းနှင့် တာဝန်သိလုပ်သားပြည်သူများ လက်တွဲကာ တားဆီးလိုက်နိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း OMNI FOCUS ကုမ္ပဏီမှ သတင်းထုတ်ပြန်ထားရှိပါသည်။

### OMNI FOCUS ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်

မိမိကိုယ်မိမိ " အမျိုးသား" ဟူသော စကားရပ်ယူ၍လည်းကောင်း၊ "ညီညွတ်ရေး" ဟူသော စကားရပ်ယူ၍လည်းကောင်း၊ နောက်ဆုံး "အစိုးရ" ဟူသော စကားရပ်ကိုပါ ပေါက်ပန်းဈေး ယူသုံးကာ လူအထင်ကြီးအောင် မှည့်ခေါ်ထားသည့် NUG ဆိုသည့်အကြမ်းဖက်အဖွဲ့သည် ၄င်းတို့ဖွဲ့စည်းတည်ထောင်ပြီး သီတင်းပတ်အနည်းငယ်အတွင်း အမှန်တကယ်အစိုးရအဖွဲ့တစ်ရပ်များဖြစ်လာလေမလားဟု တတ်ယောင်ကား လှုပ်ရှားနေသော်လည်း သက်တမ်း(၈)လကျော် ကြာသည့်တိုင်အောင် အစိုးရဖြစ်ဖို့ဝေးစွခမျာ NUG တို့မှာ တစ်ရက်ထက်တစ်ရက် ဝရမ်းပြေးဘဝဖြင့်သာ အသက်ဆက်နေရသဖြင့် ရှက်ရမ်းရမ်း ရှုံးမဲမဲနေသောလုပ်ရပ်များကို ပိုမိုတိုးမြှင့်ကာ အဖျက်အမှောက်လုပ်ရပ်များ လုပ်ကိုင်လာလျက်ရှိနေကြပါသည်။

ပြည်သူထောက်ခံလျှင် ချက်ချင်းအစိုးရဖြစ်လာနိုင်လိမ့်မည်ဟု တွန်ကျူးခဲ့သော NUG သည် ယခုတိုင် အစိုးရတကယ်ဖြစ်မလာခြင်းမှာ ပြည်သူက မထောက်ခံ၍သာဖြစ်ကြောင်း ရိပ်မိလာသဖြင့် မထောက်ခံရကောင်းမလားဟု အရပ်သူအရပ်သားပြည်သူများကို အငြိုးကြီးကြီး ဒုက္ခပေးလာကြရာ ယနေ့ ၂၀၂၁၊ ဒီဇင်ဘာလ(၅)ရက်နေ့တွင် NUG မှ သူတို့အခေါ် ကာကွယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းစစ်ဒေသခွဲ ကွပ်ကဲရေးအဖွဲ့ဆိုသည့် အကြမ်းဖက်လက်ဝေခံအဖွဲ့က ကြေညာချက်(၃/၂၀၂၁)ဆိုသောပြည်သူသို့ ခြိမ်းခြောက်စာတစ်ခု ထုတ်ပြန်ကာ ၄င်းတို့ ကျရှုံးနေသောအဖြစ်ကို စိတ်သက်သာရာ ရလေမလားဟု ဆောက်တည်ရာ

မရ ငြီးတွားသံအပြည့်ဖြင့် "တော်လှန်ရေးအရှိန်အား ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်" ဟူသော မိုက်ကြေးခွဲလူမိုက်စကားများဖြင့် ပြည်သူကို တိုက်ရိုက်စိန်ခေါ်ခဲ့ကြပြန်ပါသည်။

နာရီပိုင်းအကြာ ၂၀၂၁၊ ဒီဇင်ဘာလ(၅)ရက်နေ့ မွန်းလွဲ ၃ နာရီခွဲအချိန် YBS(၉၉)ယာဉ်လိုင်းမှ ယာဉ်တစ်စီးအား တောင်ဒဂုံ သိမ်ချောင်းအရောက်တွင် လူသုံးယောက် စီးနင်းလာသော ဆိုင်ကယ်တစ်စီးသည် ယာဉ်အရှေ့တွင် ပိတ်ရပ်ကာ နောက်ဆုံးမှ လူတစ်ဦးက မိမိယာဉ်မောင်းအား သေနတ်ဖြင့်ချိန်ပြီး တံခါးဖွင့်ပေးရန် ဖိအားပေးပါသည်။

ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်မျိုး ရင်ဆိုင်လာရသည့်အခါ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များ၏ အသက်နှင့် လုံခြုံရေးကို ပဓာနထားကာကွယ်ရန် လေ့ကျင့်ထားသော မိမိတို့ယာဉ်လိုင်း၏မူအရ ယာဉ်မောင်းသည် တံခါးဖွင့်မပေးဘဲ တောင်းပန်ရန် ကြိုးစားသော်လည်း အဆိုပါလူမှ အရှေ့တံခါးအတက်ပေါက်အောက်ခြေအား သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့သဖြင့် ယာဉ်မောင်းမှ တံခါးဖွင့်ပေးခဲ့ရပါသည်။

ထို့နောက် သေနတ်သမားမှ မိမိယာဉ်မောင်းအား သေနတ်ဖြင့်ထောက်ကာ ချိန်ရွယ်ထားစဉ် ဆိုင်ကယ်ပေါ်ပါ ဒုတိယလူမှ ကားပေါ်သို့တက်၍ ဓါတ်ဆီပုလင်းဖြင့် ဖြန်းလျက် မီးရှို့ပြီးနောက် ဆိုင်ကယ်ပေါ်သို့တက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ပါသည်။

အကြမ်းဖက်သမားများ ထွက်ခွာသွားပြီးသည်နှင့် မိမိယာဉ်မောင်းမှ ယာဉ်ပေါ်ပါ မီးသတ်ဆေးဘူးဖြင့် မီးအားအချိန်မီငြိမ်းသတ်နိုင်ခဲ့သောကြောင့် အနည်းငယ်သာ ပျက်စီးဆုံးရှုံးခဲ့ပြီး ၄င်းအကြမ်းဖက်သမားများ ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ခဲ့သည့် အပြစ်မဲ့ခရီးသွားလုပ်သားပြည်သူများ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း တင်ပြအပ်ပါသည်။ အများပြည်သူကို ပစ်မှတ်ထားကာ တိုက်ခိုက်သော ပက်စက်ယုတ်မာအောက်တန်းကျသည့် NUG အကြမ်းဖက်အဖွဲ့၏လုပ်ရပ်ကို ကုမ္ပဏီဝန်ထမ်းနှင့် တာဝန်သိလုပ်သားပြည်သူများ လက်တွဲကာ တားဆီးလိုက်နိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် အခင်းဖြစ်ရာသို့ ချက်ချင်းလာရောက် အရေးယူဆောင်ရွက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအားလည်း ကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၁)**

- **NUG ဆိုသည့် အကြမ်းဖက်အဖွဲ့သည် ၄င်းတို့ဖွဲ့စည်းတည်ထောင်ပြီး သီတင်းပတ်အနည်းငယ်အတွင်း အမှန်တကယ် အစိုးရအဖွဲ့တစ်ရပ်များ ဖြစ်လာလေမလားဟု တတ်ယောင်ကား လှုပ်ရှားနေသော်လည်း သက်တမ်း(၉)လကျော်ကြာသည့်တိုင်အောင် အစိုးရဖြစ်ဖို့ဝေးစွခမျာ NUG တို့မှာ တစ်ရက်ထက်တစ်ရက် ဝရမ်းပြေးဘဝဖြင့်သာ အသက်ဆက်နေရသဖြင့် ရက်ရမ်းရမ်း ရှုံးမဲမဲနေသောလုပ်ရပ်များကို ပိုမိုတိုးမြှင့်ကာ အဖျက်အမှောက်လုပ်ရပ်များ လုပ်ကိုင်လာလျက်ရှိ။**
- **အများပြည်သူကို ပစ်မှတ်ထားကာ တိုက်ခိုက်သော ပက်စက်ယုတ်မာ အောက်တန်းကျသည့် NUG အကြမ်းဖက်အဖွဲ့၏လုပ်ရပ်ကို ကုမ္ပဏီဝန်ထမ်းနှင့် တာဝန်သိလုပ်သားပြည်သူများ လက်တွဲကာ တားဆီးလိုက်နိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် အခင်းဖြစ်ရာသို့ ချက်ချင်းလာရောက်အရေးယူဆောင်ရွက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအားလည်း ကျေးဇူးတင်ရှိ။**